# စစ်ကောင်စီ ထောက်ခံသူများ၏
# **FACEBOOK** တွင် ရေးသားနေသည့်
# ဝါဒဖြန့်မှုများအား စောင့်ကြည့်လေ့လာမှု
# အစီရင်ခံစာ (ဒီဇင်ဘာလ)




*Photo Credit- https://www.samaa.tv/208739325-social-media-propaganda-gains-momentum-ahead-of-elections*

# မာတိကာ

**စစ်ကောင်စီ ထောက်ခံသူများ၏ FACEBOOK တွင် ရေးသားနေသည့် ဝါဒဖြန့်မှုများအား စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (ဒီဇင်ဘာလ)** ..... 0

**၁။ နိဒါန်း** ..... 2

**၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ** ..... 2

၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ် ..... 2
၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ ..... 3
၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် FACEBOOK GROUP များကို ရွေးချယ်ခြင်း ..... 4
၂.၄။ ကန့်သတ်ချက် ..... 4

**၃။ လေ့လာတွေ့ရှိချက်များ** ..... 5

၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို FACEBOOK GROUP ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ ..... 5
၃.၂။ ဝါဒဖြန့်သည့် ပိုစ့်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ ..... 6
၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ ..... 8
၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ ..... 10
၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချီမှု အပေါ်တွင် တုံ့ပြန်မှု အခြေအနေများ ..... 12

**၄။ နိဂုံးချုပ်** ..... 13

# ၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အရပ်သား ရွေးကောက်ခံ အစိုးရ ဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ဦးဆောင်သည့် အရပ်သား အစိုးရ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး စစ်တပ် မှ အာဏာသိမ်းလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ်များအား ရပ်တန့် သွားစေခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်တပ်မှ အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ စစ်ခေါင်းဆောင်များကို အထိနာစေသည့် လှုပ်ရှားမှု တစ်ခု ဖြစ်ခဲ့သည်။ စစ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ရပ်ကြောင့် စစ်တပ်မှ စွန့်ခွာလာသည့် တပ်မတော်သားများ တဖြည်းဖြည်း များပြားလာခဲ့သည်။ ၎င်းတပ်မတော်သားများ၏ မီဒီယာများတွင် ထုတ်ဖော် ပြောဆိုသည့် တပ်တွင်း အခြေအနေများကို လေ့လာခြင်းဖြင့် စစ်ကောင်စီသည် တပ်မတော်သားများအား ရည်ရွယ်သည့် ဝါဒဖြန့်မှုများကို စနစ်တကျ လုပ်ဆောင်နေကြောင်း သိရှိရသည်။ ထိုကြောင့် စစ်ကောင်စီ၏ တပ်မတော်သားများကို ဦးတည်ပြုလုပ်သည့် ဝါဒဖြန့်မှုများတွင် မည့်သည့် အကြောင်းအရာများ ပါဝင်နေသည်ကို တပ်မတော်သားများ အပါအဝင် အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ထုတ်ဝေခြင်း ဖြစ်သည်။

# ၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ

## ၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ်

ဝါဒဖြန့်ခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ၊ ငြင်းခုံမှုများ၊ ကောလဟာလများ၊ တဝက်တပျက် အမှန်တရား သို့မဟုတ် လိမ်ညာမှုများကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဝါဒဖြန့်ခြင်းကို အခြေခံအားဖြင့် ၃ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) အဖြူရောင်ဝါဒဖြန့်ခြင်း** - အဖြူရောင် ဝါဒဖြန့်ခြင်း ဆိုသည်မှာ ခိုင်မာသည့် သတင်းရင်းမြစ်များမှ လာသည့် အမှန်တရားနှင့် အထိုက်အလျောက် နီးစပ်သည့် သတင်းအချက်အလက်များဖြစ်သော်လည်း ယင်းကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

**(၂) မီးခိုးရောင်ဝါဒဖြန့်ခြင်း** - မီးခိုးရောင် ဝါဒဖြန့်ခြင်းသည် အဖြူရောင် ဝါဒဖြန့်ခြင်း နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း နှစ်ခု ကြားရှိဝါဒဖြန့်မှု ပုံစံတစ်မျိုး ဖြစ်သည်။ သတင်း အချက်အလက် ရင်းမြစ်ကို တိကျစွာ ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် မဖော်ထုတ်နိုင်ခြင်းနှင့် သက်ဆိုင်သည်။ ထို့အပြင် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုသည်လည်း မသေချာပါ။

**(၃) အနက်ရောင်ဝါဒဖြန့်ခြင်း** - အနက်ရောင် ဝါဒဖြန့်ခြင်းသည် မှားယွင်းသည့် အချက်အလက် အရင်းအမြစ်များ၊ လုပ်ကြံဖန်တီးမှုများ၊ လှည့်စားထားသည့် သတင်း အချက်အလက်များကို အသုံးပြုပြီး ဝါဒဖြန့်ခြင်း ဖြစ်သည်။

## ၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ

| အကြောင်းအရာ | ဦးတည်အုပ်စု |
|---|---|
| ဘာသာရေး | ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ |
| လူမျိုးရေး | အမျိုးသား ညီညွတ်ရေး အစိုးရ |
| စစ်တပ်နှင့်သက်ဆိုင်သည့် အကြောင်းအရာများ | စစ်ကောင်စီ |
| နိုင်ငံတကာအခြေအနေနှင့် တုန့်ပြန်မှုများ | အန်စီအေရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လက်နက်ကိုင်တိုက်ပွဲ ဖြစ်စဉ်များ | အန်စီအေရေးထိုးမထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လုပ်ကြံသတ်ဖြတ်မှုများ | တပ်မတော် |
| သတင်းပေးခြင်း | စစ်ကောင်စီ ထောက်ခံသူများ |
| လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း | အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံသူများ |
| အခြား | ပြည်သူများ |
| | အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ |
| | ဆန္ဒပြလှုပ်ရှားမှုများ ပြုလုပ်နေသည့် အင်အားစုများ |
| | တိုင်းရင်းသားနိုင်ငံရေးပါတီများ |
| | နိုင်ငံရေးပါတီများ/ နိုင်ငံရေးသမားများ |
| | နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ |
| | ယခင်အစိုးရ (၂၀၁၆ - ၂၀၂၁) |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | အခြား |

**ဇယား (၁)**

## ၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် Facebook Group များကို ရွေးချယ်ခြင်း

စောင့်ကြည့်လေ့လာမှု ပြုလုပ်ရန် ဝါဒဖြန့်ချီရေးကို နေ့စဉ် စဉ်ဆက်မပြတ် လုပ်ဆောင်နေသည့် အဖွဲ့ဝင် ၄၀၀၀ အထက်ရှိသော စစ်ကောင်စီကို ထောက်ခံ အားပေးသည့် Facebook Group ၄ ခုကို ရွေးချယ်၍ စောင့်ကြည့် လေ့လာခဲ့ပါသည်။


## ၂.၄။ ကန့်သတ်ချက်

စစ်ကောင်စီကို ထောက်ခံအားပေးသည့် Facebook Group များထဲမှ အဖွဲ့ အနည်းငယ်ကိုသာ လေ့လာနိုင်ပြီး စစ်ကောင်စီ၏ ဝါဒဖြန့်မှု ပုံသဏ္ဍာန်တစ်စုံလုံးကို ပုံဖော် မှန်းဆနိုင်ရန် လိုအပ်ချက်များ ရှိနေသည့်အတွက် စစ်ကောင်စီ၏ ဝါဒဖြန့် အဖွဲ့များစွာကို လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည်။

## ၃။ လေ့လာတွေ့ရှိချက်များ

စစ်ကောင်စီနှင့် တပ်မတော် ထောက်ခံသူများ စုစည်းထားသည့် Facebook Group များ အတွင်းရှိ ရေးသား တင်ပြထားသည့်ပိုစ့် အရေအတွက် ၅၃၉ ခုကို လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ ပိုစ့်များနှင့် ပတ်သက်၍ ထိတွေ့ တုံ့ပြန်မှု အရေအတွက် ၁၀၃၀၉ ခု ရှိခဲ့ပြီး မျှဝေသူ ၄၁၁ ဦးနှင့် မှတ်ချက် ရေးသားသူ ၇၈၄ ဦး ရှိခဲ့သည်ကို တွေ့ရသည်။

### ၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို Facebook Group ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ




ဂရပ် (၁)


**အုပ်စု နံပါတ် ၁** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၃၈ ကြိမ်ရှိပြီး အဖြူရောင်ဝါဒဖြန့်ခြင်း ၁ ကြိမ်ရှိခဲ့သည်။

**အုပ်စု နံပါတ် ၂** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၂၀၇ ကြိမ်ရှိပြီး အဖြူရောင်ဝါဒဖြန့်ခြင်း ၂ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၈ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၃** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၇၄ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၄** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၉၉ ကြိမ် ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၉ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၁ကြိမ် ရှိခဲ့သည်။


## ၃.၂။ ဝါဒဖြန့်သည့် ပို့စ်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ




ဂရပ် (၂)

စစ်ကောင်စီ လော်ဘီများနှင့် စစ်တပ်ထောက်ခံသူများ၏ ဝါဒဖြန့် ရေးသားသည့် ပို့စ်များထဲတွင် ဒီဇင်ဘာလအတွင်း အများဆုံး တွေ့ရှိရသည့် အကြောင်းအရာမှာ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းထိ ရှိသည်။ လက်နက်ကိုင် တိုက်ပွဲ ဖြစ်စဉ်များ အကြောင်းရာမှာ ၂၈ ရာခိုင်နှုန်းရှိပြီး စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၂၃ ရာခိုင်နှုန်း ရှိသည်ကို တွေ့မြင်ရသည်။


လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်းတွင် တော်လှန်ရေး တပ်ဖွဲ့ဝင်များ၊ ခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရအဖွဲ့ဝင်များနှင့် အမျိုးသား ညီညွတ်ရေး အစိုးရနှင့် အားပေးထောက်ခံသူများအား မမှန်ကန်သည့် အချက်အလက်များဖြင့် ပုံဖျက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းများကို အများဆုံး တွေ့ရသည်။




ပုံ (၁)


ယခုလတွင် လက်နက်ကိုင် တိုက်ပွဲ ဖြစ်စဉ်များနှင့် ပတ်သက်၍ ၂၈ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်ပွားနေသည့် တိုက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ ရေးသားမှုများကို အများဆုံး တွေ့ရသည်။ လေကြောင်းတိုက်ခိုက်မှုများ အတွင်း တော်လှန်ရေး တပ်ဖွဲ့ဝင်များ ထိခိုက် သေဆုံးမှု များပြားကြောင်း၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များကို ဖမ်းဆီးခြင်း၊ တိုက်ပွဲများတွင် အနိုင်ရခြင်း၊ လက်နက် သိမ်းဆည်းရမိခြင်း စသည်တို့ကို ရေးသားများ ပြုလုပ်ခဲ့သည်။ တော်လှန်ရေးတပ်ဖွဲ့များသည် စစ်ရေးအရ အရေးနိမ့်နေကြောင်း ပုံဖော်ဝါဒ ဖြန့်ခဲ့သော်လည်း စစ်ကောင်စီ၏ စစ်ရေး ရှုံးနိမ့်မှုအား ဖုံးကွယ်နိုင်ခြင်းမရှိပဲ စစ်ကောင်စီလော်ဘီများ အချင်းအချင်း အငြင်းပွားမှုများဖြစ်ပွားကာ အပြန်အလှန် တိုက်ခိုက်ရေးသားမှုများ ဖြစ်ပေါ် ခဲ့သည်။

## ၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ




ဂရပ် (၃)


ဒီဇင်ဘာလအတွင်း ဝါဒဖြန့်သည့် ပိုစ့်များ ရေးသားရာတွင် အန်စီအေစာချုပ်ကို လက်မှတ် ရေးထိုးမထားသည့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ နှင့် ပတ်သက်၍ ၁၉ ရာခိုင်နှုန်း၊ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ များ နှင့် ပတ်သက် ၍ ၁၆ ရာခိုင်နှုန်း၊ တပ်မတော် နှင့် ပတ်သက်၍ ၁၄ ရာခိုင်နှုန်း ရှိခဲ့သည်။




ပုံ (၂)

အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များ အနက် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)နှင့် ပတ်သက်၍ အဆိုးမြင် ရေးသားပြောဆိုမှုများ မြင့်တက်လာခဲ့သည်။ ကချင်ပြည်နယ်တွင်းရှိ စစ်ကောင်စီ တပ်စခန်းများအား ကချင်လွတ်မြောက်ရေး တပ်မတော်(KIA) ထိုးစစ်ဆင် သိမ်းပိုက်ရရှိသဖြင့် စစ်ကောင်စီ ဝါဒဖြန့်သူများမှ ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)ကို ဦးတည် ပစ်မှတ်ထား ဝါဒဖြန့်မှုများ ပိုမိုလုပ်ဆောင်လာခြင်း ဖြစ်သည်။ ကချင်လွတ်မြောက်ရေး တပ်မတော် တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုများပြားကြောင်းနှင့် အရပ်သား ပြည်သူများအား ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်နေကြောင်း ခိုင်မာမှု မရှိသည့် အချက်အလက်များဖြင့် ရေးသား ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သည်။


## ၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ




ဂရပ် (၄)

လေ့လာတွေ့ရှိချက်များ အရ စစ်ကောင်စီ၏ ဝါဒဖြန့်မှုများတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ၊ အမျိုးသား ညီညွတ်ရေး အစိုးရကို အားပေးထောက်ခံသူများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ ၊ ဆန္ဒပြပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ယခင် အစိုးရအဖွဲ့ (၂၀၁၆-၂၀၂၀) ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို ကူညီပံ့ပိုးနေသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များအား ပုံဖျက်တိုက်ခိုက်ရန် မှားယွင်းသည့် သတင်း အချက်အလက်များ၊ အမှန်တဝက် အမှားတဝက် ရောနှောထားသည့် သတင်းများကို အသုံးပြုပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများ အကြားတွင် စနစ်တကျ ဝါဒဖြန့်ခဲ့သည်။


ဒီဇင်ဘာလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံ သူများနှင့် အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ ယင်းတို့အနက် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။




ပုံ (၃)

ဒီဇင်ဘာလအတွင်းတွင် ရခိုင်ပြည်နယ် အတွင်းမှ စစ်ကောင်စီ၏ အရေးပါသည့် စစ်အခြေစိုက် စခန်းများ ဖြစ်သော အမှတ် (၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (နခခ - ၅)၊ အမှတ်(၅)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (တောင်ကုတ်) နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် (နပခ) တို့ကို ရက္ခိုင့်တပ်တော်မှ သိမ်းပိုက်နိုင်ခဲ့သည်။ အဆိုပါ တိုက်ပွဲဖြစ်စဉ်များအတွင်း စစ်ကောင်စီ၏ တပ်မှူးများနှင့် တပ်ဖွဲ့ဝင် အများအပြား ထိခိုက် သေဆုံးခဲ့ပြီး စစ်သုံ့ပန်း အဖြစ် ဖမ်းစီးခံရမှုလည်း များပြားခဲ့သည်။ စစ်ကောင်စီ ခေါင်းဆောင် မင်းအောင်လှိုင်သည် တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံး၊ ဖမ်းဆီး ခံနေရပြီး တပ်စခန်းများ လက်လွတ်နေရချိန်တွင် အခမ်းအနားပွဲများ တက်ရောက် နေခြင်းကြောင့် စစ်ကောင်စီ ထောက်ခံသူများ စုစည်းထားသည့် Facebook Group များတွင်ပင် ဝေဖန်မှုများ၊ အပြစ်တင် ရှုတ်ချရေးသားမှုများ ပြုလုပ်ခံခဲ့ရသည်။ ထို့အပြင် တိုင်းစစ်ဌာနချုပ် နှစ်ခုအား လက်လွတ်လိုက်ရသည့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်၏ စစ်ရေး စွမ်းဆောင်ရည် အပေါ် မေးခွန်းထုတ်ခြင်း၊ အပြစ်တင်ရေးသားမှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။

## ၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချိမှု အပေါ်တွင် တုံ့ပြန်မှု အခြေအနေများ




ဂရပ် (၅)

စောင့်ကြည့်လေ့လာမှု ပြုလုပ်သည့် Facebook Group များတွင် တွေ့ရှိရသည့် ဇွန်လမှ ဒီဇင်ဘာလ အတွင်း တွေ့ရသည့် ထိတွေ့တုံ့ပြန်မှု အခြေအနေများ ဖြစ်ပြီး ဒီဇင်ဘာလတွင် စစ်ကောင်စီ၏ ဝါဒဖြန့်မှု များအား စိတ်ဝင်စားမှု အနည်းငယ် လျော့ကျခဲ့သည်ကို တွေ့ရသည်။

## ၄။ နိဂုံးချုပ်

ဒီဇင်ဘာလအတွင်းတွင် မီးခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန်တိုက်ခိုက်ခြင်း၊ လက်နက်ကိုင် တိုက်ပွဲ ဖြစ်စဉ်များ၊ စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။

ဒီဇင်ဘာလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံ သူများနှင့် အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ ယင်းတို့အနက် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်ပွားနေသည့် တိုက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ ရေးသားမှုများကို အများဆုံး တွေ့ရသည်။ လေကြောင်းတိုက်ခိုက်မှုများ အတွင်း တော်လှန်ရေး တပ်ဖွဲ့ဝင်များ ထိခိုက် သေဆုံးမှု များပြားကြောင်း၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များကို ဖမ်းဆီးခြင်း၊ တိုက်ပွဲများတွင် အနိုင်ရခြင်း၊ လက်နက် သိမ်းဆည်းရမိခြင်း စသည်တို့ကို ရေးသားမှုများ ပြုလုပ်ခဲ့သည်။ တော်လှန်ရေးတပ်ဖွဲ့များသည် စစ်ရေးအရ အရေးနိမ့်နေကြောင်း ပုံဖော်ဝါဒဖြန့်ခဲ့သော်လည်း စစ်ကောင်စီ၏ စစ်ရေး ရှုံးနိမ့်မှုအား ဖုံးကွယ်နိုင်ခြင်းမရှိပဲ စစ်ကောင်စီလော်ဘီများ အချင်းအချင်း အငြင်းပွားမှုများဖြစ်ပွားကာ အပြန်အလှန် တိုက်ခိုက်ရေးသားမှုများ ဖြစ်ပေါ် ခဲ့သည်။

ကချင်ပြည်နယ်တွင်းရှိ စစ်ကောင်စီ တပ်စခန်းများအား ကချင်လွတ်မြောက်ရေး တပ်မတော်(KIA) ထိုးစစ်ဆင် သိမ်းပိုက်ရှိသဖြင့် စစ်ကောင်စီ ဝါဒဖြန့်သူများမှ ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)ကို ဦးတည် ပစ်မှတ်ထား ဝါဒဖြန့်မှုများ ပိုမိုလုပ်ဆောင်လာခြင်း ဖြစ်သည်။ ကချင်လွတ်မြောက်ရေး တပ်မတော် တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှု များပြားကြောင်းနှင့် အရပ်သား ပြည်သူများအား ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်နေကြောင်း ခိုင်မာမှု မရှိသည့် အချက်အလက်များဖြင့် ရေးသား ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သည်။

ဒီဇင်ဘာလအတွင်းတွင် ရခိုင်ပြည်နယ် အတွင်းမှ စစ်ကောင်စီ၏ အရေးပါသည့် စစ်အခြေစိုက် စခန်းများ ဖြစ်သော အမှတ် (၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (နခခ - ၅)၊ အမှတ်(၅)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (တောင်ကုတ်) နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် (နပခ) တို့ကို ရက္ခိုင့်တပ်တော်မှ သိမ်းပိုက်နိုင်ခဲ့သည်။ အဆိုပါ တိုက်ပွဲဖြစ်စဉ်များအတွင်း စစ်ကောင်စီ၏ တပ်မှူးများနှင့် တပ်ဖွဲ့ဝင် အများအပြား ထိခိုက် သေဆုံးခဲ့ပြီး စစ်သုံ့ပန်း အဖြစ် ဖမ်းဆီးခံရမှုလည်း များပြားခဲ့သည်။ စစ်ကောင်စီ ခေါင်းဆောင် မင်းအောင်လှိုင်သည် တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံး၊ ဖမ်းဆီး ခံနေရပြီး တပ်စခန်းများ လက်လွတ်နေရချိန်တွင် အခမ်းအနားပွဲများ တက်ရောက်နေခြင်းကြောင့် စစ်ကောင်စီ ထောက်ခံသူများ စုစည်းထားသည့် Facebook Group များတွင်ပင် ဝေဖန်မှုများ အပြစ်တင် ရှုတ်ချရေးသားမှုများ ပြုလုပ်ခံခဲ့ရသည်။ ထို့အပြင် တိုင်းစစ်ဌာနချုပ် နှစ်ခုအား လက်လွတ်လိုက်ရသည့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်၏ စစ်ရေး စွမ်းဆောင်ရည် အပေါ် မေးခွန်းထုတ်ခြင်း၊ အပြစ်တင်ရေးသားမှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။

ဒီဇင်ဘာလတွင် စစ်ကောင်စီ၏ ဝါဒဖြန့်မှု များအား စိတ်ဝင်စားမှု အနည်းငယ် လျော့ကျခဲ့သည်ကို တွေ့ရသည်။